ပထမအကြိမ် အရှေ့တောင်အာရှ ဘိန်းစိုက်တောင်သူများဖိုရမ်

အစီရင်ခံစာ

ရန်ကုန် ၂-၃ ဇူလိုင်၊ ၂၀၁၃

Transnational Institute (TNI) နှင့် ပေါင်းကူး

ဇူလိုင်လအတွင်း TNI နှင့် ပေါင်းကူးတို့ပူးပေါင်း၍ ပထမအကြိမ် အရှေ့တောင်အာရှ ဘိန်းစိုက်တောင်သူများ ဖိုရမ်ကို ကျင်းပခဲ့ပြီး၊ ဘိန်းစိုက်ပျိုးမှုတွင် ပါဝင်ပတ်သက်နေသော ဒေသခံရပ်ရွာအသိုင်းအဝိုင်းများမှ ကိုယ်စားလှယ် ၃၀ ခန့်နှင့်အတူ မြန်မာမှ ချင်း၊ ကချင်၊ ရှမ်းမြောက်နှင့်တောင်ပိုင်း၊ ကယားပြည်နယ်၊ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသမှ နာဂလန်းနှင့် အရုနာခါ ပရာဒေ့ရှ်ပြည်နယ် စသည့် အရှေ့တောင်အာရှဒေသ အဓိက ဘိန်းစိုက်ပျိုးသည့်ဒေသများမှ ဒေသခံရပ်ရွာ လုပ်သားများကို တွေ့ဆုံစေခဲ့ပါသည်။[1]

လက်ရှိအနေအထားတွင် ဒေသတွင်းကျင့်သုံးနေသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများမှာ နှိပ်ကွပ်အပြစ်ပေးသည့် သဘောဆောင်ပြီး ဘိန်းစိုက်တောင်သူများကို ရာဇဝတ်ပြစ်မှုသင့်ရောက်စေသလို ဘိန်းစိုက်ပျိုးနေသည့် ရပ်ရွာအသိုင်းအဝိုင်း တို့၏ ဘဝများအပေါ်လည်း များစွာထိခိုက်မှုရှိပါသည်။ သို့ရာတွင် အဆိုပါ ရပ်ရွာဒေသခံများအနေဖြင့် အဆိုပါမူဝါဒ ချမှတ်မှုပုံစံများအပေါ် ဝင်ရောက်ပြောရေးဆိုခွင့်မှာ ယခုထိ အနည်းငယ်သာရှိ သို့မဟုတ် လုံးဝမရှိသေးပါ။ ဖိုရမ်ကျင်းပရ ခြင်း၏ရည်ရွယ်ချက်မှာ ဘိန်းစိုက်တောင်သူများ၏ အဓိကခံစားချက်များကို သိရှိနိုင်စေရန်နှင့် စိုက်ပျိုးထုတ်လုပ်သူများ အသိုင်းအဝိုင်းတို့၏ အခွင့်အရေးများကိုလေးစားသည့် တခြားရွေးစရာမူဝါဒများကို ချမှတ်နိုင်ရန်နှင့် ဆုံးဖြတ်ချက် ချမှတ် သည့် လုပ်ငန်းစဉ်များတွင် ၎င်းတို့ကိုလည်း ပါဝင်ခွင့်ပြုရန်ဖြစ်သည်။

ဆွေးနွေးရန်မရဲဖြစ်တတ်သည့်ခေါင်းစဉ်ဖြစ်သဖြင့် တွေ့ဆုံပွဲကို ချန်သမ်ဟောက်စ်စည်းမျဉ်းများ (Chantham House Rules) နှင့် အညီကျင်းပခဲ့ပြီး ပါဝင်တက်ရောက်သူများ၏အမည်၊ လာရပ်ရင်းဒေသတို့ကို မဆိုင်သူတို့ မသိအောင် လျှို့ဝှက်ပေးထားမည် ဖြစ်ပါသည်။ ယခုအစီရင်ခံစာသည် အဆိုပါအမြင်များကို ထင်ဟပ်ပေါ်လွင်စေပြီး ဖိုရမ်မှ ထွက်ပေါ်လာသည့် အဓိက အနှစ်ချုပ်နှင့် အကြံပြုချက်များကိုလည်း မလွတ်တမ်းထည့်သွင်းမည်ဖြစ်သည်။

**နှိပ်ကွပ်အပြစ်ပေးခြင်းနှင့် ရာဇဝတ်ပြစ်မှုမြောက်စေခြင်း**

ဆယ်စုနှစ်များအလွန်ကတည်းကပင် ဘိန်းပင်နှင့် ကိုကာပင်စိုက်ပျိုးသည့်နိုင်ငံများတွင် ဘိန်းပင်ဖျက်ဆီးမှုများနှင့် ဥပဒေ အာဏာစက်ပျံ့နှံ့ရေးတို့ကို အပြင်း အထန်လုပ်ဆောင်ခဲ့ကြသည်။ အပြောအရ ဘိန်းမှရသည့်ပစ္စည်းများဖြစ်သည့် ဘိန်းဖြူနှင့် ကိုကင်းစသည့် ‘မူးယစ်ဆေးဝါးများ’ နှင့် ‘ဆေးစွဲမှုများ’မှ တခြားစားသုံးသူနိုင်ငံများကို ကာကွယ်ရန်ဖြစ်သည်။ အဆိုပါ နိုင်ငံများသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်၏ အဓိကသက်ရောက်မှုများဖြစ်သည့် အကြမ်းဖက်မှုနှင့် အကျင့်ပျက် ခြစားမှု၊ ယင်းရှေ့က ရာဇဝတ်ဈေးကွက်ပေါ်ပေါက်လာမှု စသည်တို့ကို ခံစားကြရသည့်အပြင် ဌာနေနှင့် ယဉ်ကျေးမှု အစဉ်အလာများလည်း မထေမဲ့မြင်အပြုခံရသလို ဘိန်းနှင့်ကိုကာတို့ကို ရိုးရာအရ၊ ဆေးဝါးအရအသုံးပြုခြင်းကိုလည်း လျစ်လျူရှုခံရရုံမျှမက ရိုးရာတောင်သူများနှင့် ဆင်းရဲလယ်သမားများမှာလည်း ရာဇဝတ်သားများအဖြစ် သတ်မှတ်ခံရကာ

---

[1] ထောက်ပံ့ပို့ဆောင်ရေးအတားအဆီးများကြောင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပါဝင်တက်ရောက်သူများကို ဖိတ်ခေါ်နိုင်ခဲ့ခြင်းမရှိပါ။

ၾင်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ဆုံးရှုံးပျက်စီးရသည်။ မိမိတို့အခြေခံလိုအပ်ချက်များရရှိပြီး ဂုဏ်သိက္ခာရှိသည့် ဘဝတစ်ခု တွင် နေထိုင်နိုင်ရေးအတွက် တခြားရွေးစရာများလည်း မပေးကြပေ။

UNODC ၏စာရင်းများအရ ၂၀၁၂ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံတည်းမှာပင် ဘိန်းစိုက်ပျိုးမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသည့် အိမ်ထောင်စု ၃၀၀,၀၀၀ ခန့်ရှိပြီး လာအိုနိုင်ငံတွင် ၂၀,၀၀၀ ရှိပါသည်။[2] မိမိတို့အသက်ရှင်သန်ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ် လုံးလုံးမှီခိုနေရသည့် ဘေးဖယ်ထုတ်ခံလူပေါင်း သိန်းနှင့်ချီပြီးရှိပါသည်။ အဆိုပါကိန်းဂဏန်းများထဲတွင် မကြာသေးမီနှစ်များအတွင်း စိုက်ပျိုးမှုမြင့်တက်လာခဲ့သည့် အိန္ဒိယနိုင်ငံအရှေ့မြောက် ဒေသရှိ ဘိန်းစိုက်တောင်သူများမပါသေးပါ။ ယင်းဒေသရှိဘိန်းစိုက်တောင်သူဦးရေမှာလည်း လာအိုရှိဦးရေထက်ပင် ပိုများနိုင်ခြေအများဆုံးရှိနေပါသည်။ ထိုင်းနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာမူ လွန်ခဲ့သည့်ဆယ်စုနှစ်သုံးခုအတွင်း အလွန်နည်းပါးခဲ့ပြီး ထိုင်းနိုင်ငံမှာ ပြည်တွင်းဘိန်းမည်းနှင့် ဘိန်းဖြူဈေးကွက်ကို ပြည့်မီရေးအတွက် အပြင်မှအသားတင် တင်သွင်းနေရသည့် နိုင်ငံဖြစ် ပါသည်။ UNODC ၏ ကိန်းဂဏန်းများအရ ၂၀၁၂ ခုနှစ်အတွင်း မြန်မာပြည်ရှိဘိန်းစိုက်ဧကမှာ ဟက်တာ ၅၁,၀၀၀ ခန့်၊ လာအို ဟက်တာ ၆,၈၀၀ ခန့်နှင့် ထိုင်း ၂၀၉ ဟက်တာခန့်တို့ဖြစ်ကြပါသည်။[3] အိန္ဒိယနိုင်ငံ၏ ဘိန်းစိုက်ဧကနှင့်ပတ်သက်သည့် အချက် အလက်များကို မရရှိထားပါ။

ဘိန်းစိုက်ပျိုးခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် အလွန်ကိုချိတ်ဆက်နေပြီး လူမှုစီးပွားနှင့် လုံခြုံရေးဆက်နွယ် အချက်အလက်များ၏ မောင်းနှင်အားကြောင့် ပေါ်ပေါက်ရခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ၏ထုတ်ပြန်ချက်တစ်ခုတွင် ပါသည့်အတိုင်း 'တရားမဝင်သည့် မူးယစ်သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းသည် ပဋိပက္ခ၊ မလုံခြုံမှုနှင့် ထိခိုက်ပျက်စီးလွယ်မှုတို့ ကြီးမားသည့် နေရာဒေသများ၌ စုဝေးတည်ရှိနေပါသည်။ ကျန်းမာရေးအခြေအနေဆိုးရွားမှု၊ စာမတတ်မှုနှင့် လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများနည်းပါးမှုတို့သည် အဆိုပါဒေသများရှိဒေသခံပြည်သူများ တိုက်ရိုက်တွေ့ကြုံခံစားရသည့် နိမ့်ပါးသည့်လူသားဖွံ့ဖြိုးမှုအခြေအနေကို ထင်ဟပ်ပေါ်လွင်စေပါသည်။'[4]

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အများပြည်သူဝန်ဆောင်မှုများမရှိသည့် ဝေးလံခေါင်ဖျားဒေသများ၊ တစ်သီးတစ်ခြားဖြစ်နေသည့် တောင်ပေါ်တောင်တန်း ဒေသများတွင် အများဆုံးတွေ့ရပါသည်။ စိုက်ပျိုးသူအများစုမှာ မြန်မာပြည်မြောက်ပိုင်း၊ လာအိုနှင့် အိန္ဒိယအရှေ့မြောက်ဒေသတို့ရှိ တိုင်းရင်းသားလူနည်းစုအုပ်စုအမျိုးမျိုးဝင် ဆင်းရဲသား လယ်သမားများဖြစ်ကြပါသည်။ ယင်းသို့သော လူရာအသွင်းမခံရသည့် ဒေသခံများသည် ရွှေ့ပြောင်း ကုန်းမြင့် စပါးစိုက်ပျိုးရေးစနစ်ကိုကျင့်သုံးကြသည်။ လယ်သမားများ ၎င်းတို့မိသားစုကို ကျွေးမွေးနိုင်ရန်အတွက် စပါးကို လုံလုံလောက်လောက်မစိုက်ပျိုးနိုင်သဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းသည် စားနပ်ရိက္ခာပြတ်လပ်မှုအတွက် ဖြေဆေးဖြစ်သည်။ ထို့ပြင် ဘိန်းစိုက်ပျိုးခြင်းမှလည်း စုဆောင်းငွေများရရှိသလို မိမိကိုယ်တိုင်သုံးစွဲဖို့အတွက်လည်းကောင်း၊ ဆေးကုသရာတွင် အသုံးချရန်အတွက်လည်းကောင်း အသုံးပြုကြပါသည်။ အချို့သော ရပ်ရွာလူမှုအသိုင်းအဝိုင်းများတွင် ဘိန်းကို ရိုးရာ အခမ်းအနားများ၊ နတ်ပသပွဲများ၌လည်း အသုံးပြုနေကြဆဲဖြစ်ပါသည်။ ယခုထက်ထိဆိုရလျှင် ဒေသခံ ရပ်ရွာလူမှုအသိုင်းအဝိုင်းများအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများနှင့်ဆိုင်သည့် မည်သည့်ဆုံးဖြတ်ချက် ချမှတ်မှုမျိုးမှာမှ ပါဝင်ခွင့်မရသဖြင့် ၎င်းတို့၏ဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုရှိနေပါသည်။

---

[2] UNODC, *South-East Opium Survey, Lao PDR, Myanmar*, 2012.

[3] ၎င်း

[4] EU Presidency Paper, *Key points identified by EU experts to be included in the conclusion of the open-ended intergovernmental expert working group on international cooperation on the eradication of illicit drug and on alternative development, Open-ended intergovernmental expert working group on international cooperation on the eradication of illicit drug crops and on alternative development*, Vienna, 2-4 July 2008, UNODC/CND/2008/WG.3/CRP.4.

**'ကျွန်ုပ်တို့မပါဘဲ ကျွန်ုပ်တို့ကိစ္စ မဆုံးဖြတ်ရ'**

ရယူသုံးစွဲသူတို့ဘက်နှင့်ဆိုင်သည့် တခြားရွေးချယ်စရာ မူးယစ်ဆေးဝါးမူဝါဒများမှာ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး မူဝါဒဆွေးနွေးငြင်းခုံပွဲများ၌ ကြီးကြီးမားမား အာရုံစူးစိုက်ခံရပြီး သုံးစွဲသူတို့ကလည်း ၎င်းတို့လိုလားသည့်အချက်များကို နည်းလမ်းမျိုးစုံမှတစ်ဆင့် အသိပေးနိုင်နေပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကွန်ရက်များမှ ကိုယ်စားလှယ်များ (အထူးသဖြင့် ခုခံအားကျကူးစက်ရောဂါပိုးရှိနေသူများ) အနေဖြင့် နိုင်ငံတကာစင်မြင့်များနှင့် မူဝါဒရေးရာ တွေ့ဆုံဆွေးနွေးပွဲများတွင် ၎င်းတို့တောင်းဆိုလိုသူများကို အသိပေးကြေညာနိုင်ပါသည်။ သာဓကအနေဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့သည် အိပ်ချ်အိုင်ဗီ၊ ငှက်ဖျားနှင့် တီဘီရောဂါသုံးမျိုးနှင့်ပတ်သက်ပြီး ကြီးကြပ်ညှိနှိုင်း ဆောင်ရွက်နေသည့် Myanmar Country Coordinating Mechanism (M-CCM) ၌ ကိုယ်စားလှယ်တစ်နေရာစာရထားပါသည်။[5] သို့ရာတွင် ထုတ်လုပ်သူများ ဘက်ကိုကြည့်လျှင်မူ ယခုကဲ့သို့ အခြေအနေ အခွင့်အရေးမျိုး မရသည်ကို တွေ့ရပါသည်။ ဘိန်းစိုက်ပျိုးသည့် တောင်သူများ မှာ ယခုအချိန်ထိ မည်သည့် ငြင်းခုံပွဲ၊ မည်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်မှာမှ မိမိတို့အသံကို ထုတ်ဖော်ခွင့်မရပါ။

ထိုကိစ္စကိုကိုင်တွယ်ရန်ကြိုးပမ်းသည့်အနေဖြင့် TNI က ၂၀၀၉ ခုနှစ် ဇန်နဝါရီလ တွင် ဘာစီလိုနာမြို့၌ ကျင်းပခဲ့သည့် တရားမဝင်သီးနှံများထုတ်လုပ်သူများ၏ ပထမအကြိမ် ကမ္ဘာ့ဖိုရမ်[6] ၏ ပူးတွဲစီစဉ်ကျင်းပသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖိုရမ်ကို လက်တင်အမေရိက၊ အာဖရိကနှင့် (မြန်မာနိုင်ငံမှကိုယ်စားလှယ်သုံးဦးပါဝင်သည့်) အာရှဒေသတို့မှ ကိုယ်စားလှယ် များ တက်ရောက်ခဲ့ပြီး အကြံပြုချက်များပါဝင်သည့် နိုင်ငံရေးကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ နောက်ဆက်တွဲ အဖြစ် ယခုဖိုရမ်မှကိုယ်စားလှယ်နှစ်ဦးက ယင်းနိုင်ငံရေးကြေညာချက်ကို ၂၀၀၉ ခုနှစ် မတ်လအတွင်းကျင်းပသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးများကော်မရှင်နှင့် နှင့် ၎င်း၏အဆင့်မြင့် (နိုင်ငံရေး) ဌာနခွဲတို့သို့ တင်ပြခဲ့သည်။

လက်တင်အမေရိကတွင် TNI ၏ မိတ်ဖက်များသည် ကိုကာစိုက်လယ်သမားများအချင်းချင်း စုစည်းနိုင်စေရေးအတွက် စင်မြင့်တစ်ခုစီစဉ်ပေးသည့် အနေဖြင့်ရော ၎င်းတို့၏အသံကို ထုတ်ဖော်နိုင် ရေးအတွက်ပါ ဖိုရမ်များ စီစဉ်ကျင်းပ ပေးခဲ့ပြီး ၎င်းတို့အား မူဝါဒရေးရာဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးစေခဲ့သည်။ အရှေ့တောင် အာရှကိုကြည့်လျှင် ယင်းသည် အဆများစွာပိုမိုခက်ခဲသည်ကို လက်တွေ့ တွေ့ခဲ့ရပြီးဖြစ်ပါသည်။ အကြောင်းမှာ ဘိန်းစိုက်ပျိုး ခြင်းမှာ ရာဇဝတ်မှု မြောက်သည့် အပြင် အဓိကထုတ်လုပ်သည့်နိုင်ငံများဖြစ်သည့် မြန်မာ၊ လာအိုနှင့် အိန္ဒိယအရှေ့မြောက် ဒေသတို့ရှိ တောင်သူများအနေဖြင့် ၎င်းတို့အချင်းချင်း စုစည်းနိုင်မည့်နေရာလွတ်ရရှိရေးမှာ အစိုးရတို့၏ကန့်သတ်မှုများနှင့် ဆက်လက်ဖြစ်ပွားနေဆဲ လက်နက်ကိုင်ပဋိပက္ခများကြောင့် ခက်ခဲနေခြင်းကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ဆယ်စုနှစ်နှင့်ချီ ကြာမြင့်ခဲ့သည့် စစ်အုပ်ချုပ်ရေးနှင့် အရပ်သားပြည်သူတို့၏အခွင့်အရေးများကို ချုပ်ခြယ်မှုများပြီးဆုံးပြီးနောက် ၂၀၁၁ ခုနှစ် တွင် မြန်မာနိုင်ငံ၌ အစပြုခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်က အခွင့်အလမ်းသစ်များအတွက် နေရာများဖွင့်ပေးခဲ့သည်။ ရလာသည့် နေရာလွတ်သစ်ကိုအသုံးပြု၍ တိုင်းပြည်တွင်းအရပ်ဘက် လူ့အဖွဲ့အစည်းကို အားကောင်းအောင် တည်ထောင်ထားသည့် ပေါင်းကူးအဖွဲ့သည် ၂၀၁၃ ခုနှစ်မတ်လအတွင်း ပထမအကြိမ် ပြည်လုံးကျွတ် တောင်သူလယ်သမားညီလာခံကို ဦးဆောင်ကျင်းပ ခဲ့သလို တောင်သူလယ်သမားကွန်ရက်များ၊ အဖွဲ့အစည်း စုဖွဲ့မှုများ ပိုမိုအားကောင်းစေရေးအတွက် နောက်ဆက်တွဲအစည်းအဝေးများ ကျင်းပခဲ့ပြီး ယင်းတို့အနက် အချို့ကို TNI နှင့် အတူ ပူးပေါင်းစီစဉ်ခဲ့သည်။ အဆိုပါ ပြည်လုံးကျွတ် တောင်သူလယ်သမားညီလာခံကြီးက အားလုံးအကြား တူညီစွာ

[5] မြန်မာကျန်းမာရေးကဏ္ဍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ http://www.myanmarhscc.org တွင်ကြည့်ပါ။

[6] http://www.tni.org/archives/acts_fmpcdi

ထားရှိသည့်တန်ဖိုးစံများ၊ အရေးကြီးသည့် အရာများနှင့်တကွ တောင်သူလယ်သမားတို့၏အတွေ့အကြုံနှင့် လက်တွေ့ သဘောက်ပေါက်သိမြင်ထားမှုများကို ထည့်သွင်း စဉ်းစားထားသည့် မူဝါဒအသစ်များကို ရှာဖွေဖော်ထုတ်ခဲ့သည်။

ပထမအကြိမ် အရှေ့တောင်အာရှ ဘိန်းစိုက်တောင်သူများဖိုရမ်တွင် ပွဲစီစဉ်သူများက ယခုစည်းဝေးပွဲဖြစ်ပေါ်လာပုံ နောက်ခံ သမိုင်းကြောင်းနှင့် အတိတ်ကဆက်စပ်လုပ်ကိုင်မှုများအကြောင်း မိတ်ဆက်ခြင်းဖြင့် စတင်ခဲ့သည်။ ထို့နောက် ပါဝင် တက်ရောက်သူများအား လာရောက်သည့်ဒေသကိုလိုက်၍ အဖွဲ့ငယ်များအဖြစ်ခွဲလိုက်ပြီး ဘိန်းစိုက်ပျိုးခြင်းနှင့် သုံးစွဲခြင်း၊ ၎င်းတို့ဒေသရှိ မူးယစ်ဆေးထိန်းချုပ်ရေးမူဝါဒများနှင့် မူးယစ်ဆေးနှင့် ပဋိပက္ခများအကြားဆက်နွှယ်ချက်၊ လွန်ခဲ့ သည့် ဆယ်စုနှစ်အတွင်းပေါ်ပေါက်ခဲ့သည့်အပြောင်းအလဲများနှင့် အနာဂတ်မျှော်လင့်ချက်များစသည်တို့နှင့် ဆက်နွှယ်သည့် အဓိက ကိစ္စ ရပ်များကို ဆွေးနွေးစေခဲ့သည်။ ဆွေးနွေးဝိုင်းတစ်ခုစီပြီးတိုင်း အဆိုပါအဖွဲ့ငယ်များက အဖွဲ့အားလုံး၏ရှေ့မှောက်တွင် ရှင်းလင်းတင်ဆက်ရသည်။ ဖိုရမ်နောက်ဆုံးပိုင်းတွင် အဖွဲ့ငယ်များက ပြီးခဲ့သည့်ဆွေးနွေးမှုများအပေါ်အခြေခံပြီး အကြံပြု ချက်များကို ဖိုရမ်ထံသို့ တင်ပြကြသည်။ အဓိကအနှစ်ချုပ်နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဘိန်းစိုက်ပျိုးရသည့်အကြောင်းရင်း**

တောင်သူများ ဘိန်းစိုက်ပျိုးရသည့် အကြောင်းရင်းအမျိုးမျိုးရှိသည်။ စားနပ်ရိက္ခာလုံလောက်မှုပြဿနာများကို ဖြေရှင်းရန်နှင့် အသက်မွေးမှုများတိုးတက်စေရန်၊ လူနေမှုအဆင့်ပိုမိုမြင့်မားစေရန်နှင့် လူတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်တင်းရန်ရည်ရွယ်၍ စီးပွားရေးသီးနှံအဖြစ် ဘိန်းကိုအဓိကစိုက်ပျိုးထုတ်လုပ်ကြသည်။ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက်လည်း ၎င်းက ကူညီဖြည့်ဆည်းပေးသည်။ ဘိန်းကို အကျိုးပြုဆေးဝါးအဖြစ်နှင့်ရော ရိုးရာ အစဉ်အလာအသုံးပြုမှုအတွက်ပါ စိုက်ပျိုးကြသည်။

အခြားသော အပင်အမျိုးအစားများ လွယ်လွယ်ကူကူ မစိုက်ပျိုးနိုင်သည့်ဒေသများ၊ ဥပမာ အမြင့်ပေများပြီး အေးမြသည့် ရာသီဥတုရှိသည့် ဒေသများတွင် ဘိန်းကို စိုက်ပျိုးလေ့ရှိကြပါသည်။ ဘိန်းနှင့်ယှဉ်ပြိုင်ပြီး အပြိုင်စိုက်ပျိုးနိုင်သည့် အပင်ဟူ၍ မရှိပါ။ အကြောင်းက ဘိန်းသည် အလွန်စီးပွားဖြစ်၍ဖြစ်ပါသည်။ ၎င်းသည် လအနည်းငယ်အတွင်း ခူးဆွတ်နိုင်ပြီး၊ ဈေး ကောင်းရသလို အလွယ်တကူလည်း သယ်ယူတင်ပို့နိုင်သည်။ ထို့ပြင် ဈေးကွက်နှင့်လည်း အလွယ်တကူချိတ်ဆက်နိုင်သည် (ဝယ်လက်များက ရွာများထိဆင်းဝယ်ကြသည်)။ ဝယ်လိုအားမြင့်သည် (ဘိန်းသုံးစွဲသူများမှသည့် ရောင်းဝယ်ဖောက်ကား သူများအထိ)။ ပြင်ပမှာလာသည့် စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူများက ရွာသူရွာသားများကို ဘိန်းစိုက်ပျိုးရန် တောင်းဆိုကာ စီးပွားဖြစ်ရင်းနှီးမြှုပ်နှံခြင်းကလည်း ဘိန်းထုတ်လုပ်မှု၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအစီအစဉ်မရှိခြင်း၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးချို့တဲ့ခြင်း၊ အစိုးရထံမှ အကူအညီမရရှိခြင်းနှင့် ဒေသန္တရအာဏာပိုင်တို့၏အကျင့်ပျက်ခြစားမှုများကလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ထပ်လောင်း မြင့်တက်စေပြန်သည်။ မြန်မာနိုင်ငံမှကိုယ်စားလှယ်အချို့ကမူ ဗဟိုအစိုးရသည် မူးယစ်ဆေးဝါးကို တိုင်းရင်းသားလူမျိုးစုများ အပေါ် ထိုးစစ်ဆင်ရာတွင် စစ်ဆင်ရေးလက်နက်တစ်ခုအဖြစ် အသုံးပြုနေသည်ဟု ခံစားရကြောင်း၊ အစိုးရသည် စိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် အသုံးပြုမှုတို့ကို တိုင်းရင်းသားဒေသများတွင် ဖြစ်ထွန်းအောင်မြင်အောင် တမင်တကာ ခွင့်ပြုထားသည်ဟု ခံစားရကြောင်း ပြောကြားကြသည်။ မပြီးဆုံးသေးသည့်ပဋိပက္ခကလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို အသက်ဆက်ပေးနေသလိုဖြစ်နေပြီး ဘိန်းမှ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရရှိသည့်ဝင်ငွေများကို ပဋိပက္ခတွင်ပါဝင်သည့် လက်နက်ကိုင်တပ်များက စစ်စားရိတ်ကုန်ကျရာတွင် သုံးစွဲလျက် ရှိနေပါသည်။

**ဘိန်းကိုသုံးစွဲကြပုံအမျိုးမျိုး**

ဘိန်းကိုအသုံးပြုသည့်ပုံစံမှာ အထူးအထူးအကဲကဲများပြားစွာရှိသည်။ ဘိန်းကို ဝေးလံသည့်ဒေသအချို့၌ ဆေးအဖြစ်သုံးပြီး ယေဘုယျအားဖြင့် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးဖြည့်စွက်စာအဖြစ် အသုံးပြုသည်။ အထူးအားဖြင့် ဘိန်းကို ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားနှင့် အဖျားတက်နေသည့်လူနာများကို ကုသရန်အတွက် သုံးသည်။ လွယ်ကူသည့်သုံးစွဲရန် ညွှန်ကြားမှုတစ်ခုမှာ ဘိန်းပမာဏအနည်းငယ်ကို ကြက်သွန်ဖြူအမြွှာတစ်ခုအတွင်းထည့်သွင်းပြီး ၎င်းကို မီးပေါ်တင်၍ ကင်ကာ စားပစ်ရန်ဖြစ်သည်။[7] အချို့သောတက်ရောက်ဆွေးနွေးသူများကမူ ဘိန်းသည် အသက်ရှည် စေသည်ဟုပင် ဆိုကြပါသည်။

ဘိန်းကို အစဉ်အလာအရအသုံးပြုမှုများကိုကြည့်လျှင် အများအားဖြင့် အထက်တန်းလွှာနှင့် စီးပွားရေးကိစ္စ စကားပြောဆိုဆွေးနွေးမည့် စီးပွားရေးသမားများက အပန်းပြေပျော်ရွှင်မှုရစေရန်အသုံးပြုကြသည်။ ဧည့်သည်များကို ဧည့်ခံရန်နှင့် လူအများကိုဖျော်ဖြေရန်အတွက် ကျွေးမွေးကြသည်။ ဘိန်းပင်၏အစိတ်အပိုင်းများ အထူးသဖြင့် အစေ့နှင့် အရွက်များကို ဟင်းချက်ရာတွင် သုံးသည်။ ဆင်များ၊ ကြက်များ စသည့် တိရစ္ဆာန်များကို ယဉ်ပါးအောင်လုပ်ရန်အတွက် လည်း အသုံးပြုသလို တိရစ္ဆာန်များရောဂါကျရောက်ပါက ကုသပျောက်ကင်းနိုင်သည့် အာနိသင်လည်းရှိသည်။ တက်ရောက် သူတစ်ဦးကမူ ဘိန်းသည် 'ကြမ်းတမ်းသည့်ယောကျ်ားများကို သိမ်မွေ့အောင်လုပ်ရန်' အသုံးပြုသည်ဟု ပြောပါသည်။

ဘိန်းသည်တာရှည်ခံသည့် ပိုင်ဆိုင်မှုတစ်မျိုးလည်းဖြစ်သည်။ ၎င်းကို နှစ်နှင့်ချီ၍သိမ်းဆည်းထားနိုင်ပြီး အိမ်ထောင်စု အတွက်ကုန်ကျစားရိတ်များ၊ စိုက်ပျိုးရေးပစ္စည်းကိရိယာများနှင့် လုပ်အားခ စသည်တို့ပေးရာတွင် ငွေကြေးအဖြစ် သုံးနိုင် သည်။ အစားအစာ၊ ရိက္ခာ အထောက်အပံ့နှင့် ပညာရေးအတွက်ပင် တိုက်ရိုက်လဲလှယ်နိုင်သည့် ကြားခံဖလှယ်ရေး ပစ္စည်း ဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် ဘိန်းသည် ရပ်ရေးရွာရေးအတွက် ရန်ပုံငွေအနေဖြင့်ပင်သုံးသည်ဟု ပြောကြသည်။ ဥပမာ ဘုရားရှိခိုးကျောင်းသစ်တစ်ကျောင်းဆောက်လုပ်ရန် သို့မဟုတ် ဘာသာရေးအခမ်းအနားတစ်ရပ်ကျင်းပရန် စသည် တို့အတွက် သုံးကြသည်ဟု ဆိုသည်။ အချို့သော တက်ရောက်သူများအဆိုအရ ဘိန်းသည် နိုင်ငံရေးအရ ဩဇာလွှမ်းမိုးရန်နှင့် မဲဝယ်ရန်အတွက်သုံးသလို အချို့ဖြစ်ရပ်များတွင် အစိုးရတပ်များနှင့် ဒေသခံလက်နက်ကိုင်များအကြား တိုက်ပွဲများကြောင့် ထွက်ပြေးကြသည့် ဘိန်းတောင်သူများသည် အရေးပေါ် ငွေကြေး အဖြစ်သုံးစွဲရန် ၎င်းတို့စုဆောင်းထားသည့် ဘိန်းမှလွဲ၍ တခြားပစ္စည်းဥစ္စာများကို ယူဆောင်ရန်အချိန်မရှိဟုပင် ပြောပြကြသည်။ ပုန်းအောင်းနေစဉ်အတွင်း အသက်ဆက်ရှင်ရေး အတွက် ဘိန်းကို အစားအသောက်နှင့် လိုအပ်သည့်ပစ္စည်းပစ္စယများနှင့် ဖလှယ်ကြသည်။

ဘိန်းကို သကြားအညိုထုတ်လုပ်ရန်အတွက် သုံးနိုင်သလို (ဘိန်းပါဝင်မှုပမာဏနည်းသည့် အညိုရောင်သန်းသည့်ဘိန်းဖြူ၊ အရှေ့တောင် အာရှတွင် နံပါတ်သရီးဟုခေါ်) ဘိန်းဖြူ (ဒေသတွင်း နံပါတ်ဖိုးဟု လူသိများသည့် ဘိန်းဖြူအမှုန့်) ထုတ်ရန် လည်း အသုံးဝင်သည်။

**အပြုသဘောနှင့် အပျက်သဘောရှုထောင့်များ**

ဖိုရမ်ကျင်းပစဉ်အတွင်း ဆွေးနွေးပွဲများမှ ဘိန်း၏ကောင်းသည့်အချက်အများအပြားကို ဆွဲထုတ်ရယူနိုင်ခဲ့ပါသည်။ ၎င်းတို့တွင် အရေးကြီးသည့်ဆေးဝါးများ မရရှိနိုင်သည့်ဒေသများ၌ ဘိန်း၏ဆေးဖက်ဝင်မှုလည်းပါသည်။ အခြားသော ဘိန်း၏အသုံးဝင်သည့်တန်ဖိုးမှာ မိသားစုများ၏လိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် ဘိန်းသည် ငွေရှာသီးနှံဖြစ်နေခြင်း၊

---

[7] လွန်ခဲ့သည့်နှစ်ထောင်နှင့်ချီကတည်းကပင် ကြက်သွန်ဖြူကို ဆေးဝါးဓာတ်စာအဖြစ် အသုံးပြုခဲ့ကြသည်။ သိရှိလိုပါက မေရီလင်းတက္က သိုလ် ဆေးပညာဌာနဝက်ဘ်ဆိုက်ရှိ ကြက်သွန်ဖြူအကြောင်း http://umm.edu/health/medical/altmed/herb/garlic တွင် ကြည့်ပါ။

ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများကို ကူညီဖြေရှင်းပေးနိုင်ခြင်း၊ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို ရယူ ဖြည့်တင်းနိုင်ခြင်း စသည်တို့ဖြစ်သည်။

ဘိန်း၏မကောင်းကျိုးများအဖြစ် ဖိုရမ်တွင်ဖော်ထုတ်သတ်မှတ်ခဲ့သည့် အဓိကအချက်များထဲတွင် ဘိန်းမှတစ်ဆင့်ရသည့် ဘိန်းဖြူကိုသုံးစွဲခြင်း၏ ပြဿနာနှင့် ဆက်စပ်နေသည်။ လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက် လာနေခြင်းကို ဆွေးနွေးပွဲတက်ရောက်ကြသူများက ထောက်ပြကြသည်။ ဘိန်းသုံးစွဲခြင်းနှင့်အတူ တစ်ပါတည်းလိုက်လာသည့် ပြဿနာများထဲတွင် ဆေးစွဲခြင်း၊ အကျင့်စာရိတ္တလျော့ကျခြင်း၊ မိသားစုဆက်ဆံရေးကိုထိခိုက်ခြင်းနှင့် ဘိန်းစိုက်ပျိုးသူများ အပေါ် ဒေသခံလူထု၏ ခွဲခြားဆက်ဆံခြင်းနှင့် မတရားသဖြင့်ရှုမြင်ခြင်းအပါအဝင် အခြားလူမှုပဋိပက္ခများ၊ မိမိကိုယ်မိမိ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ဆေးအမျှင်မပြတ်သုံးနိုင်ရေးအတွက် အကြမ်းဖက်မှု၊ ခိုးမှုနှင့် ရာဇဝတ်မှုများကျူးလွန်ခြင်း၊ ကျန်းမာရေးပြဿနာများနှင့် အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ်စသည့် ရောဂါများကူးစက်ခြင်း၊ နောက်ဆုံး ဆေးအသုံးလွန်ပြီး အသက်ဆုံးရှုံးခြင်းတို့ပါဝင်သည်။ ဘိန်းဖြူနှင့်ယှဉ်လျှင် ဘိန်းမည်းသုံးခြင်းသည် အန္တရာယ်နည်းသည်ဟု ယူဆကြသော်လည်း ဘိန်းသုံးသူတစ်ဦးတွင် ပျင်းရိလေးကန်ခြင်းနှင့် ဘိန်းစွဲခြင်းစသည့် မကောင်းသည့်အကျိုးဆက်များလည်း ခံစားရပါသည်။

ထို့ပြင် ဘိန်းစိုက်ခြင်းသည် တရားမဝင်သဖြင့် ဘိန်းစိုက်သူများမှာ မလုံခြုံမှုကိုခံစားရပြီးလျှင် ဘိန်းစိုက်တောင်သူများ အနေဖြင့် တခြားသောစီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ရန်ဖြစ်စေ၊ တခြားသောသီးနှံများကိုစိုက်ရန်ဖြစ်စေ စိတ်ဆန္ဒမရှိ ဖြစ်တတ်သည်ဟု တက်ရောက်သူအချို့က ဆိုပါသည်။ ဘိန်းစိုက်ပျိုးခြင်းသည် သစ်တောပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးခြင်းတို့နှင့်ဆက်စပ်နေပါသည်။ (ဘိန်းခင်းနေရာရရန်အတွက် တောင်ပေါ်ဒေသထုံးစံ တောများကို မီးရှို့ခုတ်ထွင်ရှင်းလင်းရသည်။)

**လျင်မြန်စွာပြောင်းလဲလာနေသော သဘာဝပတ်ဝန်းကျင်**

ဘိန်းစိုက်ပျိုးသည့်ဒေသများသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အကြီးအကျယ်ပြောင်းလဲလိုက်လာနေသည့်အချက်သည် ဖိုရမ်၌ပြုလုပ်သည့် ဆွေးနွေးပွဲများအတွင်း ရှင်းလင်းသွားသည့်အချက်ဖြစ်ပါသည်။ ဘိန်းစိုက်ခြင်းသည် လူအများ အသက်ရှင် နေထိုင်သည့်ပုံစံ၊ သူတို့၏အသက်မွေးသည့်ပုံစံ၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေတို့အပေါ် ကြီးကြီး မားမား သက်ရောက်ခဲ့ပါသည်။

ဖိုရမ်တက်ရောက်သည့် အဖွဲ့အားလုံးတို့က ၎င်းတို့၏သက်ဆိုင်ရာဒေသများ၌ ဘိန်းစိုက်ပျိုးမှုမြင့်တက်ကြောင်း ထောက်ပြ ဆွေးနွေးကြပါသည်။ ယခင်ကဘိန်းစိုက်ပျိုးသည်ကို မမြင်ခဲ့ရသည့်နယ်မြေဒေသများအထိပင် ဘိန်းစိုက်ပျိုးမှု ပျံ့နှံ့ခဲ့ ကြောင်းနှင့် ပိုမိုစနစ်ကျသည့်စိုက်ပျိုးသည့်ပုံစံများနှင့် နည်းစနစ်များ၊ ဥပမာ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာသုံးခြင်း ပျံ့နှံ့လာခဲ့ ကြောင်းကိုလည်း ၎င်းတို့ကထောက်ပြပြောဆိုကြပါသည်။ ထို့ပြင် လူငယ်များအကြား မူးယစ်ဆေးသုံးစွဲမှုလည်း မြင့်တက် လာခဲ့ပြီး ဘိန်းမည်းနှင့်ဘိန်းဖြူဝယ်လိုအားလည်း တိုးလာခဲ့ပါသည်။ ဘိန်းဖြူချက်လုပ်သည့်နည်းများလည်း ပြောင်းလဲ လာခဲ့ပြီး (ယင်းနှင့်ဆက်စပ်၍လည်းဖြစ်နိုင်) ဘိန်းဖြူအသုံးလွန်သည့်ဖြစ်ရပ်အရေအတွက်လည်း သက်လတ်ပိုင်းအရွယ် မူးယစ်ဆေးသုံးသူများအကြား မြင့်တက်ခဲ့ပါသည်။ အကြောထဲဆေးထိုးသွင်းသူများအကြား HIV/AIDS နှင့် အသည်းရောင် အသားဝါ စီ ပိုးကဲ့သို့သော ကူးစက်ရောဂါများ လျင်လျင် မြန်မြန်ပျံ့နှံ့ကူးစက်ခြင်းကလည်း စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဘိန်းမည်းနှင့် ဘိန်းဖြူနေရာတွင် တခြားမူးယစ်ဆေးများဖြင့်လည်း အစားထိုးသုံးစွဲလာကြရာ အမ်ဖက်တမင်းအုပ်စုဝင် စိတ်ကြွဆေးများ (ATS) မှာ ပို၍အသုံးများလာကြပြီး ဒေသတွင်း၌ ATS အသုံးပြုမှုမှာ မြင့်တက်လျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများထဲတွင် သစ်တောပြုန်းတီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသပြောင်းလဲမှုတို့ ပါဝင်သည်။

ထို့ပြင် ဆင်းရဲနွမ်းပါးမှုနှင့်ချမ်းသာကွာဟချက်မှာလည်း တစ်စထက်တစ်စ ကြီးထွားလာနေပြီး ကျေးလက်မှ မြို့ပြနှင့်အိမ်နီးချင်းနိုင်ငံများသို့ ပိုမိုရွှေ့ပြောင်းသွားလာလာကြပါသည်။ ကမ္ဘာလွှမ်းပတ်ဖြစ်စဉ် (Globalization) သည် ဘိန်းစိုက်ပျိုးသည့် အသိုက်အဝိုင်းများအထိပင် ရောက်ရှိလာပြီဖြစ်ပြီး ဘိန်းစိုက်သူများ၏ သားသမီးများအပါအဝင် လူငယ်များအကြား မိုဘိုင်းဖုန်းနှင့် မော်တော်ဆိုင်ကယ် သုံးစွဲမှုလည်း တိုးပွားလာပါသည်။ ယင်းကြောင့် ဘိန်းစိုက်သူဦးရေရော ဘိန်းစိုက်ပျိုးရန်အတွက် သုံးသည်မြေယာအကျယ်ပါ တိုးပွားလာပါသည်။ ဘိန်းစိုက်ပျိုးသည့်နယ်မြေဒေသအများအပြားမှာ ပဋိပက္ခဖြစ်နေသည့်ဇုန်များအတွင်း ရှိနေပြီး မြန်မာပြည်မှာဆိုလျှင် ငြိမ်းချမ်းရေး မရသေးသော်လည်း လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အများစုမှာ အစိုးရနှင့် အပစ် အခတ်ရပ်စဲရေးလက်မှတ်ထိုးထားကြသည်။ ဘိန်းစိုက်ပျိုးမှုမြင့်တက်ခြင်း၏ ဂယက်အဖြစ် အစိုးရအရာရှိများအကြား အကျင့်ပျက်ခြစားမှုမှာလည်း ပိုမိုဆိုးရွားလာပါသည်။

**မူးယစ်ဆေးဝါးထိန်းချုပ်မှုနှင့် ဥပဒေအာဏာစက်တည်ရေး**

အဆိုပါဒေသသည် ဘိန်းစိုက်ပျိုးမှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် အသုံးပြုမှုတို့အတွက် တင်းကျပ်သည့်ဥပဒေများရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်မှုမှာမူ အမျိုးမျိုးကွဲပြားကြသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း အာဏာပိုင်တို့၏ဖမ်းဆီးမှုကိုခံရသည့် ဘိန်းစိုက်တောင်သူများ ပိုမိုများပြားလာသော်လည်း လာဘ်ထိုးပြီးပြန်လွတ်လာကြသူ အများအပြားရှိသည်။ ဒေသအများအပြားရှိ အကျင့်ပျက်စစ်တပ်နှင့် အစိုးရအရာရှိများသည် 'အခွန်အခ' ပေးပါက ဘိန်းစိုက်ပျိုးမှုကို လိုက်လျောခွင့်ပြုပေးထားကြသည်။ တစ်ခါတစ်ရံတွင် ကြိုတင်သဘောတူညီမှုဖြင့် ဖြစ်သည်။

အားပျော့သည့်အုပ်ချုပ်ရေးစနစ်၊ အကျင့်ပျက်မှုနှင့် အစိုးရ၏မူးယစ်ဆေးထိန်းချုပ်ရေးဥပဒေများနှင့် မူဝါဒများကို မသိရှိကြခြင်းသည် ဘိန်းစိုက်ပျိုးမှုနှင့် သုံးစွဲမှုတို့ကို ပံ့ပိုးနေသည့် အကြောင်းတရားများဖြစ်သည်။ ဖိုရမ်တက်ရောက်သူတစ်ဦးအဆိုရဆိုလျှင် လာဘ်စားမှုနှင့် တိတ်တဆိတ်နားလည်မှုယူခြင်းတို့သည် အာဏာပိုင်များအကြား နေ့စဉ်ဘဝ၏ အစိတ်အပိုင်းပင် ဖြစ်လာ ခဲ့ပါသည်။ အစိုးရအရာရှိများ၏ မိသားစုဝင်များပင် တစ်ခါတစ်ရံ ဘိန်းစိုက်ပျိုးပါသည်။ မူးယစ်ဆေး သုံးစွဲသူအများအပြားမှာ အာဏာပိုင်တို့၏ဖမ်းဆီးမှုကို ခံရသော်လည်း မူးယစ်ဆေးရောင်းဝယ်သူများနှင့် သုံးစွဲသူများအပေါ် အစိုးရအရာရှိများ၏ အခွန်ကောက်ခံမှုများမှာလည်း တိုးပွားလျက်သာရှိပါသည်။ မူးယစ်ဆေးသုံးသူများအတွက် ဖြည့်ဆည်းဝန်ဆောင်မှုများမှာ လည်း အနည်းငယ်သာရှိသည်။ အိန္ဒိယအရှေ့မြောက်ပိုင်း၌ ရဲက ဘိန်းခင်းများကို ကြိုကြားကြိုကြားဖျက်ဆီးမှုများ ရှိသော် လည်း ဆေးခြောက်စိုက်ပျိုးခြင်းကိုမူ ခွင့်ပြုထားသည်။ မူးယစ်ဆေးကုန်သည်များနှင့် ဖြန့်ချိသူများကို ဖမ်းဆီးသော်လည်း စိုက်ပျိုးသူများကိုမူ ဖမ်းဆီးမှုမရှိပါ။

နိုင်ငံအစိုးရနှင့် အစိုးရကျောထောက်နောက်ခံပြု ပြည်သူ့စစ်အဖွဲ့တို့ထောင်ထားသည့် အကောက်ခွန်စခန်းများနှင့် စစ်ဆေးရေးဂိတ်များ ပိုမိုများပြားလာပြီး အခွန်အခများကောက်ခံကြပါသည်။ အဆိုပါပြည်သူ့စစ်တပ်များသည် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးကုန်သွယ်မှုမှရသည့်ငွေကို မိမိတို့ဝင်ငွေရင်းမြစ်တစ်ခုအဖြစ်အသုံးပြုကြပြီး လက်နက်ခဲယမ်းမီးကျောက်များကို ဝယ်ယူကြသည်။ တခြားတစ်ဖက်တွင်မူ အချို့သောလက်နက်ကိုင်တပ်ဖွဲ့များ ဥပမာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) သည် ဘိန်းစိုက်ပျိုးခြင်းကို လုံးဝခွင့်မပြုဘဲ ဆေးသုံးသူများနှင့် ရောင်းဝယ်သူများကို ဖမ်းဆီးသည်။ ထို့ပြင် ဘိန်းဖျက်ဆီးရေးလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ကြသည်။

မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်နေသည့် ပြဿနာများသည် မိသားစုဝင်များအကြားမှာလည်း နားလည်မှုလွဲခြင်းများနှင့် ပြဿနာများကို ပေါ်ပေါက်စေပါသည်။ ကချင်နှင့်ရှမ်းပြည်နယ်တို့တွင် ဒေသခံအသိုင်းအဝိုင်းက ရှုမြင်သည်မှာ အစိုးရသည် မူးယစ်ဆေးထုတ်လုပ်မှု၊ ကူးသန်း ရောင်းဝယ်မှုနှင့် သုံးစွဲမှုတို့ကို တိုင်းရင်းသားဒေသများတွင် ဖြစ်ထွန်းအောင် တမင်ခွင့်ပြု ထားပြီး စစ်လက်နက်တစ်ခုအဖြစ် အသုံးချနေသည်ဟူ၍ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများတွင် သဘာဝရင်းမြစ်များ အမြောက်အမြားရှိသော်လည်း ၎င်းတို့ကို ဗဟိုအစိုးရကသာ ထုတ်ယူပြီး ဒေသခံလူမှုအသိုင်းအဝိုင်းများမှာပင် ထိပင်ထိ၍ မရ၊ အကျိုးကျေးဇူးမခံစားရဘဲဖြစ်နေပါသည်။ ဘိန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ဖြစ်စေ၊ ဘိန်းကိုအကျိုးရှိအောင် သုံးရမည့်နည်းများနှင့်ပတ်သက်၍ဖြစ်စေ ပြည်သူများအကြားဆင်းပြီး ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုများမရှိပါ။

အစိုးရ၏ မူဝါဒသာမပြောင်းလဲပါက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ဆက်လက်မြင့်တက်နေဦးမည်ဟု ဖိုရမ်သို့တက်ရောက်ကြ သူများက ခန့်မှန်းကြပါသည်။ ဒေသအာဏာပိုင်များကလည်း ဘိန်းစိုက်ပျိုးမှုအပေါ်မှ အခွန်ဆက်ကောက်နေဦးမည်ဖြစ် သည်။ ထို့ပြင် တိုင်းရင်းသားဒေသများ၌ ရော်ဘာကဲ့သို့သော အကြီးစား အပင် တစ်မျိုးတည်း စိုက်ပျိုးမှုများတွင်သာ ရင်းနှီးမြှုပ်နှံ မည့် ပြင်ပမှကုမ္ပဏီများလည်း ပို၍များလာဦးမည်ဖြစ်သည်။

သို့သော်လည်း ငြိမ်းချမ်းရေးသာရရှိပြီး စစ်မှန်သော ဖက်ဒရယ်အစိုးရတစ်ရပ်သာ အာဏာရရှိလာပါက တိုင်းပြည်ဖွံ့ဖြိုး တိုးတက်လာပြီး ဘိန်းစိုက်ပျိုးမှုမှာ နောက်ဆုံးလျော့ကျသွားမည်ဟု မျှော်လင့်မှုများရှိနေကြသည်။ အစားထိုးသီးနှံ စိုက်ပျိုးမှု များပိုမိုရှိလာပြီး အနာဂတ်တွင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပွင့်လန်းလာမည်ဖြစ်သလို အရပ်ဘက်အဖွဲ့များ၏ မူဝါဒရေးရာချမှတ်သည့်အပိုင်းတွင် ပါဝင်ပတ်သက်မှုလည်း ပိုများလာမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုမှာမူ ဆက်လက် ရင်ဆိုင်ရဦးမည့် အချက်တစ်ခုဖြစ်ပြီး အနာဂတ်တွင် ဒေသ၌ မိုးရွာသွန်းမှုလျော့ကျမည်ဟု ကြိုတင်သုံးသပ်လျက်ရှိကြသည်။

**အကြံပြုချက်များ**

ဖိုရမ်ပြီးဆုံးသည့်အခါ တက်ရောက်ကြသူများသည် မူဝါဒအပြောင်းအလဲနှင့် ရွေးစရာမူဝါဒအသစ်များဆိုင်ရာ အောက်ပါအကြံပြုချက်များကို ပေးခဲ့ကြသည်။

၁။ အစိုးရနှင့် ဒေသအာဏာပိုင်များ၏ဘိန်းစိုက်ပျိုးမှုလျှော့ချရေး မူဝါဒများတွင် လူထု၏အခြေခံလိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် အထောက်အပံ့ပေးရေးနှင့် ဆည်မြောင်း၊ လျှပ်စစ်မီးနှင့် လမ်းစသည့် အခြေခံအဆောက်အအုံများကို အဓိကထားသင့်ပါသည်။ အစိုးရအနေဖြင့် ဘိန်းအစားထိုး တခြားသီးနှံများ မိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များ အဆင့်မြှင့်တင်ပေးခြင်း စသည်တို့ဖြင့် ဒေသခံလူထု၏သာယာဝပြောရေးကို အကောင်အထည်ဖော်သင့်ပါသည်။ တောင်သူများသည် ၎င်းတို့သီးနှံများအတွက် ဈေးနှုန်းတည်ငြိမ်မှုနှင့် မရှိမဖြစ်ကုန်စည်များနှင့် အိမ်ထောင်စုသုံးပစ္စည်း များကို လိုအပ်ပါသည်။

၂။ အုပ်ချုပ်ရေးစနစ်ကို အဆင့်မြှင့်တင်သင့်ပြီး အစိုးရအရာရှိများနှင့် တပ်မတော်အရာထမ်းအမှုထမ်းများ၏ အကျင့်ပျက်မှု၊ ဖမ်းဆီးမည်ဟု အကျပ်ကိုင်ခြိမ်းခြောက်မှုနှင့်တွဲပါလာတတ်သည့် ဥပဒေမဲ့အခွန်ကောက်ခြင်းပြဿနာ များကို ကိုင်တွယ်ဖြေရှင်းသင့်သည်။ ဘိန်းစိုက်တောင်သူများကို ရာဇဝတ်မှုမြောက်သည်ဟုသတ်မှတ်ဖမ်းဆီးခြင်းများ မပြုသင့်ပါ။ ယင်းအစား အစိုးရအနေဖြင့် ဒေသခံလူထုနှင့်တိုင်ပင်ပြီးလျှင် ရပ်ရွာအသိုင်းအဝိုင်းများကို ကူညီနိုင်မည့် မူဝါဒများကို ထွက်ပေါ်လာအောင် လုပ်ဆောင်သင့်သည်။ ဘိန်းစိုက်တောင်သူများ၏ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များနှင့်ပတ်သက်ပြီး ဒေသအာဏာပိုင်များကလည်း သိရှိနားလည်ထားသင့်သည်။

၃။ ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် မိမိဒေသရှိ သဘာဝသယံဇာတများနှင့်ပတ်သက်ပြီး စီမံဆုံးဖြတ်ပိုင်ခွင့်ရသင့်သလို ၎င်းတို့၏အကျိုးကျေးဇူးများကိုလည်း ခံစားရသင့်သည်။ သစ်တောပြုန်းတီးမှုကိုလျှော့ချရန်အတွက် တစ်ပွဲတိုးမဟုတ်သောစိုက်ပျိုးရေးအလေ့အထများရှိသင့်သလို၊ ဒေသခံများအပေါ်ဩဇာလွှမ်းမိုးနိုင်သည့် ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာလူထုမှတစ်ဆင့် အစားထိုးသီးနှံများနှင့် ပတ်သက်သည့် အသိမြှင့်တင်မှုများလည်း ရှိသင့်ပါသည်။ ဘာသာရေးအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအသင်းအဖွဲ့ (CBO) များသည်လည်း အစိုးရအဖွဲ့အတွင်းရှိ မူဝါဒချမှတ်သူများအား မူဝါဒ ဆိုင်ရာ တိုက်တွန်းမှုများပြုလုပ်နိုင်ပါသည်။

၄။ ဘိန်းစိုက်နေသည့်ရပ်ရွာဒေသလူထုများအကြား သူ့အမြင်ကိုယ့်အမြင်ဖလှယ်ရန်နှင့် မူဝါဒပြောင်းလဲရေး ရပ်ခံဆောင်ရွက်ရန်အတွက် တွေ့ဆုံနှီးနှောပွဲများရှိသင့်ပါသည်။ တောင်သူများကိုယ့်အားကိုယ်ကိုးနိုင်ပြီး အချင်းချင်းစုစည်းမှုရှိနိုင်ရန်အတွက် တောင်သူလယ်သမားကွန်ရက်များရှိသင့်သည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးနည်းစနစ်များ တိုးတက်စေရန်နှင့် လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံရရှိရေးအတွက် ရပ်ခံဆောင်ရွက်သင့်သည်။

၅။ မိသားစုများ ၎င်းတို့အခြေခံလိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး၊ ဘိန်း၏ ဆေးဖက်ဝင်မှု၊ ၎င်း၏ ရိုးရာနှင့် တိရစ္ဆာန်ဆေးဝါးအဖြစ် အသုံးဝင်မှုတို့ကို ထိန်းသိမ်းနိုင်ရေး ကူညီပေးနိုင်ရန် ဘိန်းစိုက်ပျိုးမှုတစ်စိတ်တစ်ပိုင်းကို တရားဝင်အောင်လုပ်ပေးသင့်ပါသည်။ ဒေသတွင်း အသုံးပြုမှုနှင့် လိုအပ်ချက်အပြင် မရှိမဖြစ် ဆေးဝါးများ ထုတ်လုပ်ရန်အတွက် နိုင်ငံတကာလိုအပ်ချက်ကိုဖြည့်တင်းနိုင်ရေး မိမိဒေသမှထွက်သည့် ဘိန်းကို အသုံးပြုနိုင်သည်။ ဘိန်းစိုက်ဇောတချို့ကို အသေသတ်မှတ်၍ ဥပဒေအရတရားဝင်အောင်လုပ်ပေးပြီး တောင်သူများအတွက် အမြဲတမ်းနေရာများနှင့် 'အထူးဘိန်းစိုက်ဒေသများ' ရရှိရန်အတွက် ခွင့်ပြုပေးသင့်သည်။ ဒေသအာဏာပိုင်များအနေဖြင့် ယခု ကိစ္စရပ်များကို စားပွဲဝိုင်း၌ထိုင်၍ ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် မျက်နှာချင်းဆိုင်ဆွေးနွေးသင့်ပါသည်။ ဘိန်းထုတ်လုပ်မှုကို ကန့်သတ်ပြီး အစိုးရနှင့် သက်ဆိုင်ရာ ဒေသအဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်တွင် ထားသင့်ပါသည်။ ဘိန်းစိုက်ပျိုးမှုကို စောင့်ကြည့်ရန်အတွက် ဒေသန္တရကော်မတီတစ်ရပ်ကို ဖွဲ့စည်းသင့်ပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ရန်ပုံငွေ ရရှိနိုင်ရန် ဘိန်းစိုက်ပျိုးရေးဘဏ်တစ်ခုကိုလည်း ထူထောင်နိုင်ပါသည်။ ဘိန်းစိုက်တောင်သူများထံမှ ဘိန်းကို အကျင့်ပျက်မှုကင်းကင်း၊ အာမခံချက်ရှိသည့်ဈေးနှုန်းတစ်ရပ်ဖြင့် ဝယ်ယူနိုင်မည့်စနစ်တစ်ရပ်ကိုလည်း အစိုးရအနေဖြင့် ဖန်တီးသင့်ပါသည်။

၆။ မူးယစ်ဆေးသုံးစွဲသူများ၏ ကျန်းမာရေးကိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မူးယစ်ဆေးအန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုများနှင့် ပြန်လည်ထူထောင်ရေး၊ ပြုစုစောင့်ရှောက်ရေးဌာနများ စသည်တို့အပါအဝင် ဝန်ဆောင်ရေးစနစ်များထူထောင်ရန် လိုအပ်ပါသည်။ ၎င်းဌာနများ လွတ်လပ်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် အစိုးရကခွင့်ပြုပေးသင့်ပါသည်။ မူးယစ်ဆေးသုံးစွဲနေသူများကို ဥပဒေဖြင့်ကာကွယ်ပေးသင့်ပြီး ဝန်ဆောင်မှုများရရှိနိုင်ရေးအတွက်လည်း ၎င်းတို့ကို ကူညီပေးသင့်သည်။ ဘိန်းကို ညွှန်ကြားချက်နှင့်အညီသုံးစွဲခြင်းကို တရားဝင်အောင်လုပ်ပေးသင့်သည်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးအလွန်အကျွံသုံးစွဲမှုနှင့် ဆေးအသုံးများမှုတို့၏အန္တရာယ်တို့နှင့် ပတ်သက်သည့် အသိဗဟုသုတများ လူထုကြား ရှိလာအောင် လုပ်ဆောင်သင့်သည်။